စိုက်ပျိုးရေးထွက်ကုန်များအား ပြည်ပစျေးကွက်တင်ပို့ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီညွတ်မှုရှိ စေရန်ကိစ္စအပေါ် ကိုရီးယားသမ္မတနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ တင်သွင်းခြင်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို လေ့လာတင်ပြခြင်း

နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံ၏စျေးကွက်သို့တင်ပို့ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ညီညွတ်မှုရှိစေရန်ကိစ္စနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များတင်သွင်းခြင်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို လေ့လာပြုစု၍တင်ပြခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်

၂။ ကိုရီးယားသမ္မတနိုင်ငံသည် စိုက်ပျိုးဖြစ်ထွန်းရန်ကောင်းမွန်သည့်မြေယာ နည်းပါးသည့်အတွက် စိုက်ပျိုးရေးကုန်စည်များကို ပြည်ပနိုင်ငံများမှတင်သွင်းလျက်ရှိရာ ဤနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များတင်သွင်းခြင်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို သိရှိခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံစျေးကွက်အပါအဝင် နိုင်ငံတကာစျေးကွက်အတွင်း မျက်နှာပန်းလှစွာဖြင့် စျေးကွက်ပိုမိုရရှိစေရေး၊ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေး၊ ပို့ကုန်ကုန်စည်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအနေဖြင့် လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်၍ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (The Ministry of Agriculture, Food and Rural Affairs (MAFRA)) ၏အခန်းကဏ္ဍနှင့် ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ

၃။ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (The Ministry of Agriculture, Food and Rural Affairs (MAFRA)) သည် လယ်ယာထွက်ကုန်၊ သစ်တော ထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးနှင့် နို့ထွက် ပစ္စည်းများအတွက် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ စစ်ဆေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါသည်။

၄။ အမျိုးသားလယ်ယာထွက်ကုန် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုဌာန (The National Agricultural Product Quality Management Service-NAQS)၊ တို့သည် စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးစံသတ်မှတ်ခြင်း၊ ပင်ရင်းဒေသ(Country of Origin)သတ်မှတ်ခြင်း၊ သစ်သီးနှင့်ဟင်းသီးဟင်းရွက်သီးနှံများအတွက် ပင်ရင်းဒေသစစ်မှန်ကြောင်းအသိအမှတ်ပြုလက်မှတ်တံဆိပ် စသည်တို့နှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ကြောင်း၊ အခြားသောနိုင်ငံများနှင့် Organic Equivalency ဆိုင်ရာကိစ္စရပ်များကိုလည်းညှိနှိုင်းဆောင်ရွက်ရန်တာဝန်ရှိကြောင်း လေ့လာ သိရှိရပါသည်။ တိရိစ္ဆာန်နှင့်အပင်ထုတ်ကုန်များ၏ ကျန်းမာရေးနှင့်သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို Animal and Plant Quarantine Agency (APQA) မှတာဝန်ယူဆောင်ရွက်ပါသည်။

၅။ သို့ပါ၍ MAFRA၊ APQA နှင့် NAQS တို့မှ အောက်ပါ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့် အညီဆောင်ရွက်ကြောင်း လေ့လာသိရှိရပါသည်-

(က) တိရိစ္ဆာန်သွင်းကုန်များအတွက် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုလိုအပ်ချက်များ။ ယင်းကို အဆိုပါဝန်ကြီးဌာန၏ Quarantine Policy Division မှကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရပါသည်။

(ခ) **အပင်မျိုးစိတ်ကာကွယ်ရေးအက်ဥပဒေ**။ ယင်းတွင် စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြည်တွင်းဖြစ်စေ၊ ပြည်ပမှဖြစ်စေ တင်သွင်းလာသော စိုက်ပျိုးရေးနှင့် သစ်တောထွက်ဆိုင်ရာ ပစ္စည်းများအတွက်စစ်ဆေးရမည့်လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းခြင်းများပါဝင်ပါသည်။

(ဂ) **အပင်တင်သွင်းမှုစစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်များ**။ ပြည်ပမှ တင်သွင်းလာသော အပင်နှင့်ဆက်စပ်ပစ္စည်းများအတွက် စစ်ဆေးရမည့် လုပ်ငန်းစဉ်များနှင့် မျိုးရင်းခွဲခြမ်းစိတ်ဖြာ၍ စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ထားကြောင်း လေ့လာသိရှိရပါသည်။

(ဃ) **စိုက်ပျိုးရေးထုတ်ကုန်အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာအက်ဥပဒေ**။ ယင်းဥပဒေတွင် ပင်ရင်းနိုင်ငံ(Country of Origin Marks) ဆိုင်ရာကိစ္စရပ်များ၊ Geographical Indication(GI) နှင့် Trace-back စနစ်တို့ဖြင့် စီမံခန့်ခွဲ၍ စစ်ဆေးရန်ကိစ္စများ စသည်တို့ပါဝင်ပါသည်။

(င) **သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်သည့် Eco-friendly စနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝအစားအစာများ ထုတ်လုပ်ခြင်းကို ပိုမိုမြှင့်တင်စေရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုဆိုင်ရာ အက်ဥပဒေ (Act on the Management and Support for the Promotion of Eco-Friendly Agriculture/Fisheries and Organic Foods)**။ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်သည့် Eco-friendly စနစ်ဖြင့်စိုက်ပျိုးမွေးမြူမှုကဏ္ဍအား စဉ်ဆက်မပြတ်အဓွန့်ရှည် အောင်မြင်စေရေး အတွက် ရည်ရွယ်လျက် အဆိုပါဥပဒေတွင် လတ်ဆတ်သည့် အသီးအနှံများ(fresh fruits)၊ မွမ်းမံပြီးစားသောက်ကုန်ချောများ (Processed food) နှင့် မွမ်းမံပြီးသည့် သဘာဝစားသောက်ကုန်ချောထုတ်ကုန်များအတွက် MAFRA ၏ Organic Certification ဆိုင်ရာ လမ်းညွှန်ချက်များပါဝင်ကြောင်း သိရှိရပါသည်။

(စ) **စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပတ်သက်၍ ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းလမ်းညွှန်ချက်များ Guideline for Courntry of Origin (COO) for Agricultural Products** ။ ဤလမ်းညွှန်ချက်ကို ပြည်တွင်းစိုက်ပျိုးရေးထွက်ကုန်(သို့မဟုတ်) ပြည်တွင်းတွင်ထုတ်လုပ်ရန်အသုံးပြုသည့်ကုန်ကြမ်းများအတွက်လည်းကောင်း အသုံးပြုပါသည်။ ပြည်ပကုန်သွယ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၃) အရ စိုက်ပျိုးရေးထွက်ကုန်တင်သွင်းမှုများအတွက် ပင်ရင်းဒေသဆိုင်ရာကုန်ညွှန်းအမှတ်အသားတံဆိပ်ပါရှိရန်လိုအပ်ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးထွက်ကုန်များတင်သွင်းခြင်းအတွက် ကိုတာစနစ်ဆိုင်ရာစီမံခန့်ခွဲမှု
(Management of Tariff Rate Quota-TRQ)

၆။ ကိုရီးယားသမ္မတနိုင်ငံသည် ဥရုဂွေးဆွေးနွေးပွဲသဘောတူညီချက် (The Uruguay Round Agreement) နောက်ပိုင်းတွင် Management of Tariff Rate Quota-TRQ)စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး မူလက ဆန်၊ ဂျုတ်သီးနှင့် ကြက်သွန်ဖြူတို့အပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာထွက်ကုန် (၆၇) မျိုးတို့အပေါ်တွင် ထိရောက်စွာ စီမံခန့်ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကုန်စည်အချို့ကို ဈေးကွက်လိုအပ်ချက်အရ TRQ စနစ်မှ ပယ်ဖျက်ခဲ့ပြီး၊ ယင်းတို့မှာ ၁၉၉၇ ခုနှစ်တွင် လိမ္မော်သီးဖျော်ရည်၊ ကြက်သား၊ ဝက်သားနှင့် ၂၀၁၁ ခုနှစ်တွင် အမဲသား တို့ဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသော ၂၀၁၇ ခုနှစ် မူဝါဒအရ ကုန်စည်(၆၃) မျိုး (အကောက်ခွန်လိုင်း ၂၂၇ လိုင်း) ကို TRQ စနစ်ဖြင့် သွင်းကုန်ဆိုင်ရာ စီမံခန့်ခွဲ လျက်ရှိကြောင်း၊ TRQ အတွက် အောက်ပါစနစ်(၄)မျိုးဖြင့်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

(က) **အစိုးရဆိုင်ရာကုန်သွယ်မှု(Governmental Trading)** ။ အစိုးရမှတာဝန် ပေးအပ်ထားသော အဖွဲ့အစည်းမှတာဝန်ယူတင်သွင်းခြင်း အတွက် သတ်မှတ်ထားသော သွင်းကုန်ဆိုင်ရာအခွင့်အရေးများကိုခံစားခွင့်ရှိပြီး၊ ပြည်တွင်းဌ ဖြန့်ဖြူးရောင်းချ၍ ရရှိသောအကျိုးအမြတ်များကို အစိုးရထံသို့ ပြန်လည်ပေးသွင်းရကြောင်း သိရှိရပါသည်။

(ခ) **ကိုတာဆိုင်ရာလေလံစနစ် (Quota Aution)** ။ အများပြည်သူများမှ တင်သွင်းခွင့်ရရှိရန်အတွက် ကိုတာ(Quota)အား လေလံအပြိုင်စနစ်ဖြင့် ပြိုင်ဆိုင်၍ လျှောက်ထားရခြင်းဖြစ်ပါသည်။

(ဂ) **ဝယ်လိုအားအမှန်အခြေအနေအရ တင်သွင်းခွင့်ပေးခြင်း (Allocation to Actual Demand)**။ အချို့သောအရည်အချင်းပြည့်မီသည့် စီးပွားရေးလုပ်ငန်းများအတွက် တင်သွင်းခွင့်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်လိုအားအမှန်အခြေအနေအရ First-Come-First-Served ဦးရာလူစနစ်ဖြင့် ကိုတာ(Quota)ခွဲတမ်းအား ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း သိရှိရပါသည်။

(ဃ) **Mixed Allocation Method** ။ အထက်ပါစနစ်များအားလုံးကို စုပေါင်း၍ သင့်လျော်သလို စိစစ်ကာ စီမံခန့်ခွဲ၍ ခွင့်ပြုချထားပေးခြင်းမျိုးလည်းရှိကြောင်း လေ့လာသိရှိရပါသည်။

ပိုးသတ်ဆေးများနှင့် အခြားအဆိပ်အတောက်ဖြစ်စေသောပစ္စည်းများဆိုင်ရာကိစ္စရပ်များ

၇။ ပိုးသတ်ဆေးများနှင့် အခြားအဆိပ်အတောက်ဖြစ်စေသောပစ္စည်းများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အစား အသောက်နှင့်ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာန Ministry of Food & Drug Safety (MFDS)၊ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန (MAFRA)နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(Ministry of Environment - MOE) တို့မှ ပူးပေါင်းစီမံဆောင်ရွက်ပေး လျက်ရှိပါသည်။

၈။ MFDS အနေဖြင့် စားသောက်ကုန်များတွင် ပိုးသတ်ဆေးကြွင်းပါဝင်မှုအား သတ်မှတ် Maximum Residue levels (MRLs) နှင့်အညီအကျုံးဝင်မှုရှိစေရန် တာဝန်ယူစစ်ဆေး ဆောင်ရွက်ရ

ပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ စိုက်ပျိုးရေးထုတ်ကုန်များတွင် MRLs ညီညွတ်သော ပိုးသတ်ဆေး ၅၀၀ နှင့် မွေးမြူရေး/ စားသောက်ကုန်များတွင်လည်း အသား၊ ငါး၊ ကြက်ဥနှင့် နို့ထွက်ပစ္စည်းများအတွက် တိရိစ္ဆာန်ကုသဆေး ၁၉၄ မျိုးတို့အတွက် ပိုးသတ်ဆေး ၉၉ ခုတို့ အတွက် သတ်မှတ်ထားပေးကြောင်း သိရှိရပါသည်။

၉။ MFDS သည် Pesticide Positive List System (PLS) ကို ၂၀၁၉ ခုနှစ်၊ ဧန်နဝါရီလ (၁) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် MRLs ကို (၃)မျိုး သတ်မှတ်ထားကြောင်း၊ ပြည်တွင်းမှတ်ပုံတင်မှုအရအခြေခံ၍ အမျိုးသားအဆင့် MRLs၊ အခြား နိုင်ငံမှပိုးသတ်ဆေးကြွင်းအချက်အလက်အပေါ်အခြေခံ၍ Import Tolerance အရ တွက်ချက် သော MRLs နှင့် PLS စနစ်အတွက် ယာယီသတ်မှတ်ထားသော MRLs တို့ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမျိုးသားအဆင့် MRLs (သို့မဟုတ်) Import Tolerance များကို မသတ်မှတ်ပါက အဆိုပါ PLS စနစ်အတွက် ယာယီသတ်မှတ်ထားသော MRLs အား ပယ်ဖျက် သွားရန်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

Aflatoxin ပါဝင်မှုခွင့်ပြုနိုင်မှုအခြေအနေ (Maximum Allowable Aflatoxin)

၁၀။ MFDS သည် aflatoxin, ochratoxin, fumonisin, deoxinyvalenol, zearalenone, and other contaminants တို့၏ ပါဝင်မှုအား အမြင့်ဆုံးလက်ခံနိုင်သည့်အခြေအနေများကိုမှ သတ်မှတ်ပါသည်။ အခြားသောပိုးသတ်ဆေးကြွင်းဆိုင်ရာအဆိပ်အတောက်ပါဝင်မှုနှင့် ပတ်သက် ၍လက်ခံနိုင်မှုအခြေအနေပြဇယားအား နောက်ဆက်တွဲ(က) ဖြင့် ဖော်ပြအပ်ပါသည်။

ပင်ရင်းဒေသဆိုင်ရာကုန်ညွှန်းအမှတ်အသား Country of Origin Labeling (COOL)

၉။ ပင်ရင်းဒေသဆိုင်ရာ ကုန်ညွှန်းအမှတ်အသား Country of Origin Labeling (COOL) ကိစ္စရပ်အား လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ စီမံဆောင် ရွက်ပါသည်။ COOL Guidelines များအရလယ်ယာစိုက်ပျိုးရေးထွက်ကုန်များအထူးသဖြင့်ပြည်ပ မှတင်သွင်းလာသောစိုက်ပျိုးရေးထွက်ကုန်များတွင် ပင်ရင်းဒေသဆိုင်ရာကုန်ညွှန်းအမှတ်အသား Country of Origin Labeling ပါရှိရမည်ဖြစ်ပြီး၊ တောင်ကိုရီးယား အကောက်ခွန်ဝန်ဆောင်မှု ဌာန (KCS) မှ COOLGuidelines များအတိုင်းသွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းမှုစစ်ဆေး သည့်အဆင့်တွင် စီစစ် စစ်ဆေးမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဈေးကွက်အတွင်းတွင် COOL Guidelines များနှင့်ကိုက်ညီမှု ရှိ/မရှိကို The National Agricultural Product Quality Management Service (NAQS)ကဆက်လက်တာဝန်ယူ စစ်ဆေးကြောင်း သိရှိရပါသည်။

အပင်၊ တိရိစ္ဆာန်နှင့် စားသောက်ကုန်များအတွက် ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက် မှတ်ဆိုင်ရာ လိုအပ်ချက်များ (Sanitary and Phytosanitary Certification Requirements)

၁၀။ အပင်ကာကွယ်ရေးအက်ဥပဒေနှင့် မွေးမြူရေးဆိုင်ရာ ကပ်ရောဂါများတားဆီးကာကွယ် ထိန်းချုပ်ရေးအက်ဥပဒေတို့အရ တိရိစ္ဆာန်အရှင်များ၊ အပင်များ၊ အမဲသား၊ ဝက်သား၊ ကြက်သား စသည့်အသားများအတွက် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံ၏ စစ်ဆေးရေးအာဏာပိုင်မှထုတ်ပေး သည့်ပိုးမွှားရောဂါကင်းရှင်းကြောင်းသက်သေခံလက်မှတ် (Sanitary and Phyto-sanitary


Certificate)ကိုတင်ပြရန်လိုအပ်ပါသည်။ သက်သေခံလက်မှတ်အားမိတ္တူဖြင့်တင်ပြခြင်းကိုလည်း လက်မခံကြောင်း သိရှိရပါသည်။

အစားသောက်နှင့်ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာန၏ အခန်းအကဏ္ဍနှင့် ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ

၁၁။ ကိုရီးယားသမ္မတနိုင်ငံသည် ယင်းနိုင်ငံသို့ပြည်ပနိုင်ငံအသီးသီးမှ စိုက်ပျိုးရေးထွက်ကုန်များအပါအဝင် အစားသောက်ပစ္စည်းများတင်သွင်းရာ၌ ပြည့်စုံစိတ်ချရသော ခေတ်နှင့်လျော်ညီသည့်ဥပဒေလုပ်ထုံးလုပ်နည်းများကိုချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပိုမို ထိရောက်မှုရှိစေရေး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနအား ၂၀၁၃ ခုနှစ်မှစ၍ အစားအသောက်နှင့်ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာန Ministry of Food & Drug Safety (MFDS) အဖြစ် ဝန်ကြီးဌာနအဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။ MSDF အား ဒေသဆိုင်ရာ ရုံးခွဲ(၆)ခုနှင့် အမျိုးသားအဆင့် အစားအသောက်နှင့် ဆေးဝါးလုံခြုံမှု ဆိုင်ရာအကဲဖြတ်သိပ္ပံ (National Institute of Food & Drug Safety Evaluation) တစ်ခုတို့ဖြင့် ဖွဲ့စည်းထားကြောင်းသိရှိရပါသည်။

၁၂။ MFDS သည် အစားသောက်နှင့် မွေးမြူရေးထွက်ကုန်များအတွက် HACCP ဟု ခေါ်ဆိုသော (Hazard Analysis of Critical Control Point- HACCP) စနစ်အစီအစဉ်ဖြင့် စစ်ဆေး၍တံဆိပ်ရိုက်နှိပ်ခွင့်ပြုရေးဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံတွင် စားသောက်ကုန်များ၌ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အသိအမှတ်ပြုစစ်ဆေးပြီးတံဆိပ်အဖြစ် HACCP ဆိုသည့် အမှတ်အသားကို labeling ပြုလုပ်၍ တံဆိပ်ရိုက်နှိပ် ဆောင်ရွက်ထားသည်ကိုတွေ့မြင်နိုင်ပါသည်။ ထို့ပြင် MFDS သည် စိုက်ပျိုးရေးထွက်ကုန်များနှင့် မျိုးရိုးဗီဇဆိုင်ရာမွမ်းမံမှုများပြုလုပ်ထားသည့် ပြုပြင်ပြီးစားသောက်ကုန်ချောများ(Value added Processed Food) အတွက် ဇီဝနည်းပညာဖြင့်စစ်ဆေးခြင်း(biotechonology)၊ လိုအပ်သည့်တံဆိပ်များရိုက်နှိပ်ခြင်း (labeling)များအပါအဝင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်များကို လည်းထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၃။ ကိုရီးယားသမ္မတနိုင်ငံသို့တင်သွင်းလာသော စားသောက်ကုန်များ၏ ဘေးကင်းလုံခြုံရေးကို အထူးအလေးထားလာသည့်အားလျော်စွာ MFDS သည် ပမာဏများစွာ တင်သွင်းသူများ၊ ထုတ်လုပ်မှုချို့ယွင်းချက်ရှိနိုင်သောစက်ရုံများစသည်တို့သို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။ Preliminary Prediction Import Inspection System (OPERA) ကိုလည်း ကျင့်သုံးလျက်ရှိပြီး၊ တင်သွင်းလာသည့်ကုန်စည်၏ ကုန်ထုတ်သည့်စက်ရုံ၊ တင်သွင်းသူနှင့်စစ်ဆေးချက်ရလဒ်များ၏ သမိုင်းကြောင်းပေါ်တွင် မူတည်သုံးသပ်၍ သွင်းကုန်များအား စိတ်ချရမှုအဆင့်ကို ကြိုတင်ခွဲခြားကာ ခန့်မှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ကြောင်းသိရှိရပါသည်။ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို မကြာခဏချိုးဖောက်သော တင်သွင်းသူများအတွက် မြင့်မားသောပြစ်ဒဏ်များဖြင့်ထိရောက်စွာ အရေးယူဆောင်ရွက်ကြောင်း သိရှိရပါ သည်။ အဆိုပါသွင်းကုန်၏ ယုံကြည်စိတ်ချရမှုအား သမိုင်းကြောင်းအရစစ်ဆေးမှုဆိုင်ရာများ (History based Inspection) နှင့်ပတ်သက်၍ The Special Act on Imported Food Safety Management တွင် အသေးစိတ်ဖော်ပြထားရှိပါသည်။



ပုံ (၁) စားသောက်ကုန်များအန္တရာယ်ကင်းရှင်းစေရေးအတွက် Food Safety Management System ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ပြပုံ

Source: https://www.mfds.go.kr

၁၄။ အစားသောက်နှင့်ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာန၏ စားသောက်ကုန်နှင့် သက်ဆိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အစားအစာသန့်ရှင်းရေးအက်ဥပဒေ (The Food Sanitation Act)။

(ခ) စားနပ်ရိက္ခာအက်ဥပဒေ (Functional Food Act)

(ဂ) ကလေးသူငယ်များ၏အစားအသောက်လုံခြုံမှုဆိုင်ရာစီမံခန့်ခွဲမှုအက်ဥပဒေ (Special Act on Childrean's Dietary Life Safety Manangement)

(ဃ) အစားအသောက်တင်သွင်းမှုဆိုင်ရာလုံခြုံစိတ်ချရန်စီမံခန့်ခွဲမှု အထူးအက် ဥပဒေ (Special Act on Imported Food Safety Management)

(c) Food Code

(စ) Food Additive Code

(ဆ) စားသောက်ကုန်များအတွက် ကုန်အညွှန်းအမှတ်အသားနှင့် အသုံးပြုမှု ဆိုင်ရာဖော်ပြချက်တံဆိပ်ကပ်ခြင်းအတွက်စံချိန်စံညွှန်းများ (Labeling Standards for Food)

(ဇ) မျိုးရိုးဗီဇပြုပြင်မွမ်းမံထားသည့် စားသောက်ကုန်များအတွက် ကုန်အညွှန်းအမှတ် အသားနှင့် အသုံးပြုမှုဆိုင်ရာဖော်ပြချက်တံဆိပ်ကပ်ခြင်းအတွက် စံချိန်စံညွှန်းများ (Labeling Standards for Genitically Modified Food)

(စျ) စားနပ်ရိက္ခာကုဒ် (Functional Food Code)

(ည) စားသောက်ကုန်ဆိုင်ရာသွင်းကုန်များအတွက်စစ်ဆေးမှုဆိုင်ရာလမ်းညွှန် ချက်များ (Inspection Guidelines for Imported Food)

(ဋ) မွေးမြူရေးထွက်ကုန်ပစ္စည်းများသန့်ရှင်းရေးစီမံခန့်ခွဲမှုအက်ဥပဒေ (Livestock Product Sanitary Manangement Act)

(၄) မွေးမြူရေးဆိုင်ရာကုန်ပစ္စည်းများအတွက် ကုန်အညွှန်းအမှတ်အသားနှင့် အသုံးပြုမှုဆိုင်ရာဖော်ပြချက်တံဆိပ်ကပ်ခြင်းအတွက်စံချိန်စံညွှန်းများ
(Labeling Standards for Livestock Products)

ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန (Ministry of Trade, Industry & Energy – MOTIE) ၏ အခန်းကဏ္ဍနှင့် ဥပဒေများ

၁၅။ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန (MOTIE) သည် Cartagena Protocol on Biosafety (CPB) ကိုအကောင်အထည်ဖော်ရန် အခွင့်အာဏာရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့တွင် CPB တွင် သဘောတူလက်မှတ်ရေးထိုးခြင်းကိုအတည်ပြုခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံအတွင်း ဇီဝနည်းပညာနှင့်ဆက်စပ်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ပိုမိုကျယ်ပြန့်ထိရောက်စွာ အကောင်အထည်ဖော်၍ လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် ခေတ်သစ်ဇီဝနည်းပညာဖြင့်ပြုပြင်ထားသောသက်ရှိများဆိုင်ရာဥပဒေ Living Modified Organisms (LMO Act) ဥပဒေကို ၂၀၀၈ ခုနှစ်၊ ဧန်နဝါရီလ (၁) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ LMO Actနှင့်ဆက်စပ်သောဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) **LMO Act** ။ ပြုပြင်ထားသောသက်ရှိများ၏ ဘေးကင်းလုံခြုံသော ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှု၊ တင်သွင်းမှု၊ တင်ပို့မှုနှင့်ကူးသန်းရောင်းဝယ်မှုကို သေချာစေရန်ဇီဝလုံခြုံမှုဆိုင်ရာ Cartagena Protocol on Biosafety (CPB)ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ဤအက်ဥပဒေတွင် သွင်းကုန်ခွင့်ပြုချက်၊ မဖြစ်မနေဆောင်ရွက်ရသည့် အန္တရာယ်ဆိုင်ရာအကဲဖြတ်ခြင်းနှင့် ပြုပြင်မွမ်းမံထားသော သက်ရှိ(LMO) သို့မဟုတ် GMO ကုန်ပစ္စည်းများအား ကုန်အညွှန်းတံဆိပ်ကပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များပါဝင်ပါသည်။

(ခ) **Enforcement Decree of the LMO Act**။ ဤအက်ဥပဒေနှင့် ပတ်သက်၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏တာဝန်ဝတ္တရားများ၊ LMOများတင်သွင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ထုတ်လုပ်မှု၊ တင်ပို့မှုအကြောင်းကြားစာ၊ ကူးသန်းရောင်းဝယ်ရေးအစီရင်ခံစာအတွက်လုပ်ထုံးလုပ်နည်းများ နှင့် အခြားဇီဝလုံခြုံရေးဆိုင်ရာအချက်အလက်များ ပါဝင်ပါသည်။

(ဂ) **Enforcement Regulations of the LMO Act** ။ LMO အက်ဥပဒေနှင့် ၎င်း၏ပြဋ္ဌာန်းခြင်းဆိုင်ရာ အမိန့်နှင့်ပြဋ္ဌာန်းချက်များ၊ အက်ဥပဒေနှင့်အမိန့်ကိုအကောင်အထည်ဖော်ရန်လိုအပ်သည်ဟုပြဋ္ဌာန်းချက်များက ပြဋ္ဌာန်းထားသည်။ စည်းမျဉ်းစည်းကမ်းများတွင် LMO များတင်သွင်းမှုအတည်ပြုခြင်း၊ ဘေးကင်းလုံခြုံရေးအကဲဖြတ်ခြင်းတို့ ပါဝင်သည်။

(ဃ) **Consolidated Notice** ။ LMO များအား စိုက်ပျိုးရေးအတွက်အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထုတ်လွှတ်မှု၊ အစားအစာထုတ်လုပ်ခြင်း၊ အခြားအသုံးပြုရန်တင်ပို့ခြင်းနှင့် တင်သွင်းခြင်းတို့အတွက် လမ်းညွှန်ချက်များပါဝင်ပါသည်။

MOFA | MMRS v1.0.0 | Printed By : () ON 13/06/2020 11:40:12

ဝန်ကြီးချုပ်ရုံး(Prime Minister's Office) ၏အခန်းကဏ္ဍ

၁၆။ ၂၀၀၈ ခုနှစ်တွင် အမဲသားဆန္ဒပြပွဲဖြစ်ပွားမှုများ ဖြစ်ပွားခဲ့ပြီးသည့်နောက် အမျိုးသားလွတ်တော်မှ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာမူဘောင်ဥပဒေ(Framework Act on Food Safety) ကို ပြဋ္ဌာန်းအတည်ပြုခဲ့ပြီး၊ ယင်းဥပဒေအရ ဝန်ကြီးချုပ်ရုံးသည် ဝန်ကြီးဌာနများနှင့် အေဂျင်စီများအားလုံးတို့အကြား နိုင်ငံ၏ Food Safety Control အတွက် လိုအပ်သလို ညှိနှိုင်းဦးဆောင်ရန် အခွင့်အာဏာကို ရရှိထားပါသည်။

၁၇။ အဆိုပါဥပဒေအရ သက်ဆိုင်ရာ Food Safety ဆိုင်ရာဌာန၊ အေဂျင်စီများအနေဖြင့် ပြည့်စုံသော (၃)နှစ်စာ စီမံချက်များကိုရေးဆွဲတင်ပြရကြောင်း၊ အဆိုပါ ဌာနအစုံမှစီမံချက်များကိုစုပေါင်း၍ ဝန်ကြီးချုပ်မှသဘာပတိအဖြစ်ဆောင်ရွက်သည့် Food Safety Committee ကို ဖွဲ့စည်းကြောင်း၊ အဆိုပါကော်မတီအဖွဲ့ဝင်များအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သမုဒ္ဒရာနှင့် ငါးလုပ်ငန်းဆိုင်ရာဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၊ ဝန်ကြီးချုပ်ရုံး၏ဝန်ကြီးနှင့် ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သောပညာရှင်များပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

၁၈။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်သည် Food Safety Committee အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး "Overall Measures on Improvement of Food Safety" ကိုအတည်ပြုခဲ့ပါသည်။ ယင်းတွင် အောက်ပါတို့ ပါဝင်ပါသည်–

(က) မွေးမြူရေးကဏ္ဍ၊ အထူးသဖြင့် ဥစားကြက်မွေးမြူရေးအားပိုမိုတိုးတက်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊

(ခ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အစားအသောက် ဘေးကင်းလုံခြုံစိတ်ချရသည့်စနစ်ဖြစ်သည့် HACCP စနစ်ကို တိုးတက်အောင်ဆောင်ရွက်ရန်၊

(ဂ) စားသောက်ကုန်နှင့် အာဟာရဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်ခိုင်မာအောင်ဆောင်ရွက်ရန်၊

(ဃ) Food Safety Management System နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

တောင်ကိုရီးယား အကောက်ခွန်ဝန်ဆောင်မှုဌာန (The Korea Customs Service) ၏ အခန်းကဏ္ဍ၊ သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် Korea e-Customs System စနစ် အသုံးပြုမှုအခြေအနေ

၁၉။ တောင်ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာန (The Korea Customs Service) သည် အကောက်ခွန်ရှင်းလင်းခြင်းနှင့် အကောက်ခွန်များကောက်ခံခြင်းတို့အပါအဝင် တောင်ကိုရီးယား၏အကောက်ခွန်ဥပဒေကို ကြီးကြပ်ရန်တာဝန်ရှိပါသည်။

စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံသို့တင်သွင်းရန်အတွက် သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၂၀။ စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံသို့တင်သွင်းရန်အတွက် အဓိကဆက်သွယ်ဆောင်ရွက်ရမည့်ဌာနများမှာ ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာန (The Korea


Customs Services-KCS)၊ အစားသောက်နှင့်ဆေးဝါးလုံခြုံမှုဆိုင်ရာဝန်ကြီးဌာန Ministry of Food & Drug Safety (MFDS)၊ National Quarantine Office (MFDS မှ ရုံးခွဲ/ ဝန်ထမ်း မပုံပိုးပေးနိုင်သော ဆိပ်ကမ်း၊ လေဆိပ်များတွင် ဆက်သွယ်ဆောင်ရွက်မည့်ရုံး)နှင့် တိရိစ္ဆာန်နှင့် အပင်ပိုးမွှားစစ်ဆေးရေးအေဂျင်စီ (Animal and Plant Quarantine Agency (APQA)) တို့ဖြစ်ပါသည်။

၂၁။ ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာန (The Korea Customs Services-KCS) သည် ကိုရီးယားသမ္မတနိုင်ငံသို့တင်သွင်းလာသောကုန်ပစ္စည်းများကို မှ မထုတ်ယူမီ လိုအပ်သော စစ်ဆေးမှုများအားလုံးကို စစ်ဆေးဆောင်ရွက်ပါသည်။ သက်ဆိုင်ရာအပင်ပိုးမွှားစစ်ဆေးရေးဆောင်ရွက်ရမည့်အာဏာပိုင်များသည် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အကောက်ခွန်အရာရှိများမှမစစ်ဆေးမီတွင်ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ တင်သွင်းသူအနေဖြင့် လိုအပ်သည့်သွင်းကုန်စစ်ဆေးရေးလျှောက်လွှာကို ကိုရီးယားဘာသာဖြင့်ဖြည့်စွက်၍ သက်ဆိုင်ရာအေဂျင်စီသို့ တင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၂။ ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာနသည် CUPIA (Customs UNI-PASS International Agency) နှင့်ပူးပေါင်း၍ World Customs Organization (WCO) ၏ "Digital Customs" မျှော်မှန်းချက်နှင့်အညီModule (၇၇)ခု၊ အဓိကစနစ်ကြီး(၅)ခုတို့ဖြင့်ဖွဲ့စည်းထားသည့် UNI-PASS ဟုခေါ်တွင်သော Korea e-Customs System အဆင့်မြင့်အီလက်ထရောနစ်အကောက်ခွန်ရှင်းလင်းရေးစနစ်ကို ၂၀၁၆ ခုနှစ်မှစ၍ အသုံးပြုလျက်ရှိပါသည်။ UNI-PASS သည် WCO DM 3.0. UN Codes၊ Revised Kyoto Conventionနှင့် WCO Safe Framework တို့နှင့်အညီ အကောင်အထည်ဖော်ထားပြီး၊ UNI-PASS တွင်ပါဝင်သော အဓိကစနစ်(၅)ခုမှာ Single Window System၊ Clearance Management System၊ Cargo Management System၊ Information Management Systemနှင့် Administration System တို့ ဖြစ်ပါသည်။ ကုန်ပစ္စည်းများကို စစ်ဆေးရာတွင်လည်း Risk Manangement System စနစ်အားနည်းပညာ အကူအညီဖြင့်ခွဲခြမ်းစိတ်ဖြာ၍ တိကျလျင်မြန်စွာစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။


၂၃။ တောင်ကိုရီးယားနိုင်ငံ၊ အကောက်ခွန်ဝန်ဆောင်မှုဌာနအနေဖြင့် ၁၉၇၄ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ ကာလအတွင်း 1st Generation အဖြစ် Trade Statistics System၊ ၁၉၉၀ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကာလအတွင်း 2nd Generation အဖြစ် Nationwide Networked System၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကာလအတွင်း 3rd Generation အဖြစ် Ubiquitous Customs System နှင့် ၂၀၁၆ ခုနှစ်မှ လက်ရှိကာလအထိ 4th Generation အဖြစ် System Smart Customs System (UNI-PASS)ကိုအသုံးပြုလျက်ကုန်သွယ်မှုနှင့်အကောက်ခွန်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်များမျှဝေခြင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၄။ UNI-PASS စနစ်၏ အခြေခံသဘောတရားများမှာ မြန်မာနိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနမှဦးဆောင်၍အကောင်အထည်ဖော်အသုံးပြုလျက်ရှိသည့် MACCS (Myanmar Automated Cargo Clearance System) စနစ်နှင့် အခြေခံသဘောတရားများတူညီကြောင်းနှင့် ကိုရီးယားသမ္မတနိုင်ငံသည် နည်းပညာပိုင်းဆိုင်ရာ တိုးတက်အားသာသောနိုင်ငံဖြစ်သည့်အားလျော်စွာ ပိုမိုပြည့်စုံ၍ အားသာချက်များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



ပုံ(၂) ကိုရီးယားသမ္မတနိုင်ငံ၏ ၁၉၇၀ ခုနှစ်မှလက်ရှိကာလအထိ အဆင့်မြင့်အီလက်ထရောနစ် အကောက်ခွန်ရှင်းလင်းရေးစနစ်သို့ ပြောင်းလဲတိုးတက်လာပုံအဆင့်ဆင့်ပြပုံ

Source: http://unipass.or.kr



ပုံ(၃) Import Clearance Procedure လုပ်ငန်းစဉ်ပြပုံ

Source: https://www.customs.go.kr

၂၅။ ထို့ပြင် သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းစဉ်ပြီးမြောက်ရန်အတွက် အခြားနိုင်ငံမှတင်သွင်းလာသည့် စိုက်ပျိုးရေးဆိုင်ရာကုန်စည်များ၊ အပင်များ၊ လတ်ဆတ်သော

သစ်သီးအစိုများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆံများသည် သက်ဆိုင်ရာ APQA နှင့် MFDS တို့ထံမှလိုအပ်သည့်အပင်ပိုးမွှားဆိုင်ရာစစ်ဆေးမှုများကိုအစစ်ဆေးခံရန်လိုအပ်ပြီး ကောင်းမွန်သောရလဒ်ကို ရရှိထားရန် လိုအပ်မည် ဖြစ်ပါသည်။ ထပ်မံ၍ အထူးစစ်ဆေးရန်ကိစ္စများမရှိပါက APQA ၏ခါတ်ခွဲခန်းတွင် ပုံမှန်စစ်ဆေးခြင်းသည် ပျှမ်းမျှအားဖြင့် (၁၀) ရက်ကြာမြင့်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

မူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်ဆိုင်ရာဥပဒေများ (Copyright and/or Trademark Laws)

၂၆။ The Korea Industrial Property ရုံးသည် ကုန်အမှတ်တံဆိပ်များ မှတ်ပုံတင်ခြင်းနှင့် ကုန်အမှတ်တံဆိပ် အငြင်းပွားမှုဆိုင်ရာအသနားခံခြင်းကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ပါသည်။ ကုန်အမှတ်တံဆိပ်ဆိုင်ရာဥပဒေအရ ကိုရီးယားသမ္မတနိုင်ငံသည် "First-to-File" စနစ်ကို ကျင့်သုံးကြောင်း၊ ကုန်အမှတ်တံဆိပ်ကို ဦးစွာမှတ်ပုံတင်ထားသူသည်သာ ပိုင်ဆိုင်ခွင့်နှင့်အသုံးပြုခွင့်ရှိကြောင်း၊ ကိုရီးယားဥပဒေများ၏အကာအကွယ်ကိုလည်း ဦးစွာမှတ်ပုံတင်ထားသူ မှသာ ခံစားခွင့်ရှိကြောင်း လေ့လာသိရှိရပါသည်။

သုံးသပ်တင်ပြချက်

၂၇။ ကိုရီးယားသမ္မတနိုင်ငံ၌ နိုင်ငံရေးယာဇ၏ ၇၀% သည် တောင်တန်းများဖုံးလွှမ်းလျက်ရှိပြီး၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေယာရှားပါးသည့်အရပ်ဒေသဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် စာရင်းများအရ ကိုရီးယားသမ္မတနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် နိုင်ငံ၏Gross Domestic Product –GDP ၏ ၂.၂ ရာခိုင်နှုန်းသာရှိပါသည်။ စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ တို့မှလည်း စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

၂၈။ ကိုရီးယားသမ္မတနိုင်ငံသည် အာရှဒေသတွင် စတုတ္ထမြောက်စီးပွားရေးအင်အားကြီးမားသောနိုင်ငံတစ်ခုဖြစ်ပြီး၊ နည်းပညာတိုးတက်သည့်နိုင်ငံတစ်ခုလည်းဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးထွက်ကုန်များအား ပြည်ပမှ ကိုရီးယားသမ္မတနိုင်ငံသို့ တင်သွင်းမှုအတွက် လိုအပ်သည့်ဥပဒေများ၊ စံချိန်စံညွှန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သတ်မှတ်ကျင့်သုံးလျက် တင်သွင်းမှုများအတွက် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း ခေတ်မီနည်းပညာသုံး Korea e-Customs System စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၉။ မြန်မာနိုင်ငံမှ ပဲအမျိုးမျိုး၊ နှမ်း၊ ကော်ဖီ၊ ဟင်းခတ်အမွေးအကြိုင်၊ ဓနိဖူး၊ သစ်သီးအစို၊ မွှေစသည့်စိုက်ပျိုးရေးထွက်ကုန်များသည် ကိုရီးယားသမ္မတနိုင်ငံတွင် စွေးကွက်ရရှိနိုင်သည့် ကုန်စည်များဖြစ်ပါသည်။ မြန်မာနိုင်ငံမှထွက်ရှိသော ဓနိဖူးသည် ကိုရီးယားသမ္မတနိုင်ငံတွင် သက်ဆိုင်ရာခါတ်ခွဲခန်းများ၌ စမ်းသပ်ချက်များအရ ကင်ဆာရောဂါအား ကုသနိုင်သည်အထိ ခါတ်ဂုဏ်သတ္တိများပါဝင်သဖြင့် အစားအစာဖြည့်စွက်အာဟာရအဖြစ် လည်းကောင်း၊ ဆေးဝါးများတွင် ထည့်သွင်းထုတ်လုပ်သည့်ပစ္စည်းအဖြစ်လည်းကောင်း လူကြိုက်များကျော်ကြားလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင်ထွက်ရှိသည့် သရက်သီး၊ ဖရဲသီး၊ ထောပတ်သီး ကဲ့သို့သော လတ်ဆတ်သည့် အသီးအနှံများနှင့်ပဲအမျိုးမျိုးတို့သည် ကိုရီးယားသမ္မတနိုင်ငံမှ ဝယ်လိုအားရှိသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝသည်

စိုက်ပျိုးဖြစ်ထွန်းကောင်းမွန်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းကာ သန့်စင်သည့်အတွက် Oak Mushroom မှို ကဲ့သို့သော စိုက်ပျိုးရေးကုန်စည်အား မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံကာ စိုက်ပျိုးထုတ်လုပ်၍ ကိုရီးယားသမ္မတနိုင်ငံသို့ ပြန်လည်တင်ပို့ရောင်းချနိုင်ရေးစီမံကိန်းများကိုလည်း တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များက အထူးစိတ်ဝင်စားလျက်ရှိပါသည်။

၃၀။ နိဂုံးချုပ်အားဖြင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များအား ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ပြည်ပသို့ပိုမိုတင်ပို့နိုင်၍နိုင်ငံတကာစျေးကွက်ပိုမိုရရှိစေရေးအတွက် စံချိန်စံညွှန်းပြည့်မီသည့် နည်းစနစ်/ နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော Pre and Post Harvest နည်းပညာများအသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးမြှင့်တင်ထိန်းသိမ်းခြင်း၊ ထိုသို့ အဆင့်မြင့်နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် သင့်လျော်သည့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်လက်ခံခြင်း၊ Cold Storage အအေးခန်းများ တည်ဆောက်၍ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေး၊ အရသာများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဆင့်မီထုတ်ပိုးမှုပုံစံများနှင့် ကုန်ညွှန်းအမှတ်အသားများ ဆောင်ရွက်ခြင်းစသည်တို့ကို ကိုရီးယားသမ္မတနိုင်ငံ၏ လိုလားချက်နှင့်ကိုက်ညီစွာ ထုတ်လုပ်ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် မဝေးတော့သည့်အနာဂတ်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များ၏ ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ပြည်ပစျေးကွက် ပိုမိုရရှိလာနိုင်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၃၁။ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ စီးပွားရေးသံမှူးအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ ASEAN-Korea Center(ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဌာနခွဲ)၊ Korea Import Association (ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များအသင်း)၊ Korea Trade – Investment Promotion Agency (ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ)၊ ကိုရီးယား-မြန်မာကုန်သွယ်မှုဆိုင်ရာ ဆက်စပ်အသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်လျက် မြန်မာ့ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ စျေးကွက်ပိုမိုရရှိနိုင်ရေး၊ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် စျေးကွက်ထိုးဖောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရေးနှင့် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအကြား Business Matching ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ ဆိုးလ်မြို့ရှိသံအမတ်ကြီး၏ လမ်းညွှန်မှုတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

(ဝင်းပပသူ၊ စီးပွားရေးသံမှူး)
မြန်မာသံရုံး၊ ဆိုးလ်မြို့

ကိုးကားစာရင်း

https://www.mfds.go.kr

https://www.mafra.go.kr

https://www.customs.go.kr

http://english.motie.go.kr

https://www.fas.usda.gov

စိုက်ပျိုးရေးထွက်ကုန်၊ သားငါးနှင့် စားသောက်ကုန်များတွင် Aflatoxin၊ Ochratoxin၊ fumonisin၊ deoxinyvalenol၊ zearalenone နှင့် အခြားသော အဆိပ်အတောက်ဓါတ်ကြွင်းပါဝင်မှုအား လက်ခံနိုင်မှုအခြေပြဖေားး

Total Aflatoxin (Sum of B1, B2, G1 & G2)

Target Foods	Standards (µg/kg)
Grains, pulses, ground nuts, tree nuts and their products that have undergone simple processing (such as grinding, cutting, etc.)	Not more than 15.0 (however, B1 shall be not more than 10.0)
Processed grain products and processed pulse products	
Bean pastes and soy sauces, red pepper powder, and curry powder	
Nutmeg, turmeric, dried pepper, dried paprika, and natural spices that contain such listed ingredients	
Wheat flour	
Dried fruit	
Infant formula, follow-up formula, cereal based formula for infant/young children, other food for infant/young children	B1 shall be not more than 0.10

Fumonisin

Target Foods	Standards (as sum of B1 and B2)
Corn	Not more than 4 mg/kg
Corn that is simply processed (such as grinding, cutting, etc.)	Not more than 2 mg/kg
Processed grain products and breakfast cereals that contain 50% or more of simply processed corn Corn products for popcorn use	Not more than 1 mg/kg

Ochratoxin A

Target Foods	Standards (µg/kg)
Grains and their products that have undergone simple processing (such as grinding, cutting, etc.)	Not more than 5.0
Coffee beans, roasted coffee	Not more than 5.0
Instant coffee	Not more than 10.0
Fermented dry cooked soybean cube	Not more than 20
Red pepper powder	Not more than 7.0
Grape juice, Grape juice concentrate (including raw materials), wine	Not more than 2.0
Dried fruit	Not more than 10.0
Infant formula, follow-up formula, cereal-based formula for infant/young children, other food for infant/young children	Not more than 0.50

Deoxynivalenol

Target Foods	Standards (mg/kg)
Grains and their products that have undergone simple processing (such as grinding, cutting, etc.)	Not more than 1
Corn and simple processed corn (such as grinding, cutting, etc.)	Not more than 2
Cereals (breakfast cereal)	Not more than 0.5
Infant formula, follow-up formula, cereal based formula for infant/young children, other food for infant/young children	Not more than 0.2

Source:

Noodles	Not more than 0.75

Zearalenone

Target Foods	Standards (μg/kg)
Grains and their products that have undergone simple processing (such as grinding, cutting, etc.)	Not more than 100 (200 for corn to make starch or syrup)
Confectioneries	Not more than 50
Infant formula, follow-up formula, cereal based formula for infant/young children, other food for infant/young children	Not more than 20
Cereals (breakfast cereal)	Not more than 50

Heavy Metals in Agricultural Products

Target Foods	Lead (mg/kg)	Cadmium (mg/kg)	Arsenic, inorganic (mg/kg)
Grains (excluding brown rice)	Not more than 0.2	Not more than 0.1 (0.2 for wheat and rice)	Not more than 0.2 (limited to rice*)
Potatoes	Not more than 0.1	Not more than 0.1	
Pulses	Not more than 0.2	Not more than 0.1 (0.2 for soybean)	
Peanuts and tree nuts	Not more than 0.1	Not more than 0.3	
Oilseeds	Not more than 0.3 (limited to sesame seed)	Not more than 0.2 (limited to sesame seed)	
Fruits	Not more than 0.1 (0.2 for apple, mandarin, and berry group)	Not more than 0.05	
Leafy vegetables (including flower-head brassica)	Not more than 0.3	Not more than 0.2	
Stalk and stem vegetables	Not more than 0.1	Not more than 0.05	
Root and tuber vegetables	Not more than 0.1 (2.0 for ginseng, balloon flower, and bonnet bellflower)	Not more than 0.1 (0.05 for onions, 0.2 for ginseng, balloon flower, and bonnet bellflower)	
Fruiting vegetables	Not more than 0.1 (0.2 for pepper and squash)	Not more than 0.05 (0.1 for pepper and squash)	
Mushrooms	Not more than 0.3	Not more than 0.3	

Source:

Target Food	Lead (mg/kg)	Cadmium (mg/kg)
Poultry meat	Not more than 0.1	-
Swine liver	Not more than 0.5	Not more than 0.5
Pork	Not more than 0.1	Not more than 0.05
Swine kidney	Not more than 0.5	Not more than 1.0
Cattle liver	Not more than 0.5	Not more than 0.5
Beef	Not more than 0.1	Not more than 0.05
Cattle kidney	Not more than 0.5	Not more than 1.0
Raw milk and milk	Not more than 0.02	

Heavy Metals in Fishery Products

Target Food	Lead (mg/kg)	Cadmium (mg/kg)	Mercury (mg/kg)	Methyl mercury (mg/kg)
Fish	Not more than 0.5	Not more than 0.1 (limited to fresh water fish and pelagic fish) Not more than 0.2 (limited to marine fish)	Not more than 0.5 (excluding abyssal fish, tunas and marlins)	Not more than 1.0 (limited to abyssal fish, tunas and marlins)
Mollusks	Not more than 2.0 (1.0 for squid, 2.0 for octopus with intestines)	Not more than 2.0 (3.0 for octopus with intestines)	Not more than 0.5	
Crustaceans	Not more than 1.0 (2.0 for swimming crabs with intestines (swimming crabs in Family Portunidae)	Not more than 1.0 (5.0 for swimming crabs with intestines (swimming crabs in Family Portunidae)		
Seaweeds	Not more than 0.5 (limited to sea mustard)	Not more than 0.3 (limited to laver including seasoned laver and sea mustard)		
Frozen fish head	Not more than 0.5		Not more than 0.5 (excluding abyssal fish, tunas and marlins)	Not more than 1.0 (limited to abyssal fish, tunas, and marlins)
Frozen fish intestines	Not more than 0.5 (2.0 for cephalopods)	Not more than 3.0 (1.0 for fish eggs and 2.0 for	Not more than 0.5 (excluding abyssal fish,	Not more than 1.0 (limited to abyssal fish,

Source:

		cephalopoda)	tunas and marlins)	tunas and marlins)

Heavy Metal Standards for Processed Food Products

Target Food	Lead (mg/kg)	Arsenic (mg/kg)	Inorganic Arsenic (mg/kg)
Vegetable oil, fish oil, other animal oil & fat, mixed edible oil, flavored oil, processed oil & fat, shortening, margarine	Not more than 0.1	Not more than 0.1 (excluding krill oil)	Not more than 0.1 (limited to krill oil)
Infant formula, follow-up formula, cereal based formula for infant/young children, other food for infant/young children, special formula for infant/young children, follow-up milk formula	Not more than 0.01		Not more than 0.1 (limited to food made with brown rice, rice bran, rice germ, fusiformis, or gulfweed)
Special medical purpose food (excluding special formula for infant/young children), snacks, breakfast cereals, noodles	-	-	Not more than 0.1 (limited to food made with brown rice, rice bran, rice germ, fusiformis, or gulfweed)
Other food	-	-	Not more than 1 (limited to food made with brown rice, rice bran, rice germ, fusiformis, or gulfweed)

Source: